စိတ်ကူးချိုချိုအနုပညာ
mgyoe.com
SAMPLE BOOK

# ပါရဂူ
# ကန်တော်ကြီးဓါ
# အတ္တကထာ



တတိယအကြိမ်

design by vecteezy

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်ုပ်တို့သည် သက်ရှိသတ္တဝါများ
စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြစ်အောင်
အမှုထမ်းကြသည်။
ယင်းသို့ သက်ရှိသတ္တဝါများအတွက်
အကျိုးဆောင်ရွက်သော်လည်း
မိမိအတွက်မှာမူ အကျိုးမရှိပေ။
လူတွေက ကျွန်ုပ်တို့ကို အသုံးချခံ
သဘောလောက်သာ ထားကြသည်။
ကိစ္စမရှိ။ ကျွန်ုပ်တို့ မမှုပေ။
သူတစ်ပါးအကျိုး ဆောင်ရွက်ရလျှင်
ကျေနပ်ပြီ။ သစ်ပင်သည်
ခရီးသွားခရီးလာများအား
အရိပ်အာဝါသပေးသော်လည်း မိမိမှာမူ
နေပူမရှောင်၊ မိုးရွာမရှောင် ရာသီဥတုဒဏ်
ခံနေရသည်။ ဆီမီးခွက်သည် သူတစ်ပါးကို
အလင်းရောင်ပေးသော်လည်း
မိမိကိုယ်တိုင်မှာမူ အပူဒဏ်ခံနေရသည်။
ကျွန်ုပ်တို့လည်း
ထိုသဘော အတိုင်းပင်ဖြစ်သည်။
သက်ရှိသတ္တဝါများအား
အကျိုးပြုသော်လည်း မိမိတို့ဘဝမှာမူ
မျောက်လောင်း၊ မျောက်လောင်းသာ
ဖြစ်နေသည်။ ကျေးဇူးပြုထားသူများ၏
ကျေးဇူးတင်ခြင်းကိုလည်း မခံရပေ။

ISBN 9789997136947
PYG89
9 789997 136947
MMK 7,500.00

mgyoe.com

ကန်တော်ကြီး၏ အတ္တကထာ၊ ပါရဂူ
စာမျက်နှာ ၁၆၅ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၅၊ ဧပြီလ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၈၊ ပုဂံစာအုပ်တိုက်၏ ပထမအကြိမ်မူ။

SAMPLE BOOK

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| – | စကားပလ္လင် | (က) |
| ၁။ | ကျွန်ုပ်၏ဇာတိ | ၁ |
| ၂။ | တောတိရစ္ဆာန်နှင့် မြို့တိရစ္ဆာန် | ၁၈ |
| ၃။ | လေးဆူဓာတ်ပုံ ရွှေတိဂုံ | ၂၉ |
| ၄။ | သာသနိက အဆောက်အအုံ | ၄၆ |
| ၅။ | ဗန္ဓုလဦးထုပ်၊ ရေကန်၊ ငါးထပ်ကြီးဘုရား | ၅၅ |
| ၆။ | စေတီတုလား စေတီစစ်လား | ၇၀ |
| ၇။ | ကန်တော်ကြီး ဝိတ်ချခြင်း | ၈၂ |
| ၈။ | ရွက်နုဝေနှင့် ရော်ရွက်ကြွေ | ၉၄ |
| ၉။ | ဂျမား | ၁၀၆ |
| ၁၀။ | ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ | ၁၁၇ |
| ၁၁။ | အဓိပတိ | ၁၂၈ |
| ၁၂။ | တွဲသူနှင့် ချောင်းသူ | ၁၄၁ |
| ၁၃။ | နာရီဇာတ်လမ်း | ၁၅၂ |


*

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# စကားပလ္လင်

အာကာသ ကောင်းကင်ပြင်၌ အကြိမ်ပေါင်း အသင်္ချေ အနန္တ လျှပ်စီးပြက်ခဲ့ဖူးပြီ။ ပြက်ခဲ့သမျှ လျှပ်စီးကို ပထဝီမြေပြင် သတိမရပေ။ သို့သော် ပထဝီမြေပြင်၏ ရင်သားပေါ် ပစ်ချလိုက်သည့် မိုးကြိုးကိုမူ ပထဝီ မြေပြင် သတိမရဘဲ မနေပေ။ သတိရနေသည်။

စာရေးဆရာ၏ ဘဝတစ်သက်တာ၌လည်း အတွေ့အကြုံလျှပ်စီး အသင်္ချေအနန္တ ပြက်ခဲ့သည်။ သို့သော်လည်း လက်ခနဲပြက်ပြီး ဖျတ်ခနဲပျောက်သွား သော အတွေ့အကြုံလျှပ်စီးများသည် စာရေးဆရာ၏ အမှတ်သညာတွင် တင်ကျန်မနေပေ။ မိုးကြိုးပစ်ချ လိုက်သော အတွေ့အကြုံ လျှပ်စီးကမူ စာရေးဆရာ၏ အမှတ်သညာတွင် အမာရွတ်ဖြစ်ကျန်ခဲ့သည်။ တချို့ စာရေးဆရာများ၏ စာပေ၊ ဝတ္ထု၊ ရုပ်၊ ကဗျာများသည် အတွေ့အကြုံ လျှပ်စီးမိုးကြိုးသွား၏ အမာရွတ်များ

mgyoe.com

mgyoe.com
SAMPLE BOOK


ဖြစ်သည်။

ဤ 'ကန်တော်ကြီး၏ အတ္တကထာ' သည်လည်း မိုးကြိုးသွားတစ်ဖြစ်လဲ ဖြစ်သည်။

**ပါရဂူ**
၁၆-၈-၂၀၀၆

mgyoe.com

mgyoe.com SAMPLE BOOK

## ကျွန်ုပ်၏ ဇာတိ

မိမိမွေးဖွားစဉ်က အကြောင်းကို ပြန်ပြောင်းပြောပြဖို့ မလွယ်ပေ။ မွေးကင်းစကာလ၌ အမှတ်သညာ မရှိသေး၍ မိမိ မည်သို့မည်ပုံ မွေးဖွားလာသည်ဆိုသည်ကို ပြောမပြနိုင်ပေ။ ပြောပြနိုင်သည်ဆိုလျှင်လည်း မိမိကိုယ်တိုင်ကိုယ်ကျ သိ၍မဟုတ်ဘဲ တစ်ဆင့်စကား တစ်ဆင့်ကြားနှင့် ပြောပြခြင်းသာဖြစ်မည်။ ကျွန်ုပ်မွေးဖွားပေါ်ပေါက်လာစဉ်က အကြောင်းအရာနှင့် စပ်လျဉ်း၍လည်း ထိုနည်းအတိုင်းပင်ဖြစ်သည်။ ကျွန်ုပ်သည် မိမိ မည်သို့မည်ပုံ မွေးဖွားပေါ်ပေါက်လာသည်ဆိုသည်ကို အတိအကျ ပြောမပြနိုင်ပေ။ ပြောပြရမည်ဆိုလျှင်လည်း တစ်ဆင့်စကား တစ်ဆင့်ကြားနှင့် ပြောပြခြင်းသာ ဖြစ်ပေမည်။

mgyoe.com

mgyoe.com
SAMPLE BOOK


တချို့က ကျွန်ုပ်ကို သဘာဝအရ ဖြစ်ပေါ်လာသည့် ကန်မဟုတ်ဘဲ မြေကြီးကို တူး၍ ဖြစ်လာသည့် ကန်ဟု ဆိုကြသည်။

တစ်စုံတစ်ခုသော အရာဝတ္ထုတွင် အသုံးပြုရန်အတွက် မြေကြီးတူးသောအခါ မြေကြီးတူးသောနေရာသည် ချိုင့်ဝှမ်းဖြစ်သွားသည်။ ထိုချိုင့်ဝှမ်း၌ တစ်စတစ်စ ရေတင်လာသည်ဖြစ်၍ အချိန်ကြာလာသောအခါ ထိုချိုင့်ဝှမ်းသည် ရေကန်ရေအိုင် ဖြစ်သွားသည်။ ရေသောက်သုံးရန်အတွက် တမင်တကာ တူးသော ရေကန်များလည်း ရှိသည်။ ကျွန်ုပ်ကို သဘာဝရေကန်မဟုတ်ဘဲ မြေကြီးတူးရာမှ ဖြစ်ပေါ်လာသည့် ရေကန်ဟု ပြောကြသူတို့မှာ ကျွန်ုပ်ပတ်ဝန်းကျင်ရှိ ရွှေတိဂုံစေတီတော်ကြီးကို ကြည့်၍ ပြောကြခြင်းဖြစ်သည်။ များသောအားဖြင့် စေတီ၏အနီး၌ ရေကန်ရှိသည်ကို တွေ့ရတတ်သည်။

ဥပမာတစ်ခု ထုတ်ပြရမည်ဆိုလျှင် စစ်ကိုင်းကောင်းမှုတော်ကြီး၏ အနီး၌ ရေကန်ကြီးတစ်ကန်ရှိသည်။ စေတီအနီး၌ ရှိသော ရေကန်များမှာ စေတီအတွက် အုတ်ဖုတ်လိုသည်ဖြစ်၍ မြေကြီးတူးရာမှ ချိုင့်ဝှမ်းဖြစ်သွားပြီး တစ်စတစ်စနှင့် ရေကန်ဘဝသို့ ရောက်ရှိသွားခြင်းဖြစ်သည်။ ကျွန်ုပ်နှင့် ပတ်သက်၍

mgyoe.com

mgyoe.com
SAMPLE BOOK


လည်း ရွှေတိဂုံစေတီတည်ရန်အတွက် မြေကြီးတူးရာမှ ချိုင့်ဝှမ်းဖြစ်သွားပြီး တစ်စတစ်စ ရေကန်ဖြစ်လာသည်ဟု ပြောကြသည်။ ထိုပုဂ္ဂိုလ်များ၏ အဆိုမှာ အမှန်တကယ် သိ၍ ပြောခြင်းမဟုတ်ဘဲ 'မိဂပဒ ဝလဥ္ဇန' နည်းအရ ပြောကြခြင်းမျှသာ ဖြစ်သည်။ ကျောက်ဖျာ၏နှစ်ဖက် မြေကြီးပေါ်၌ ရှိနေသော သမင်၏ခြေရာကို ကြည့်၍ ကျောက်ဖျာပေါ် သမင်တက်သည်ဟု ပြောသကဲ့သို့ အနီး၌ရှိသော ရွှေတိဂုံဘုရားကို ထောက်၍ မှန်းဆပြောကြခြင်းဖြစ်သည်။

ထိုပုဂ္ဂိုလ်များ၏အဆိုကို တချို့က လက်မခံပေ။ ကျွန်ုပ်ကို တူးကန် မဟုတ်ဘဲ သဘာဝရေကန်ဟု ပြောကြသည်။ ပထဝီမြေကြီး ဖြစ်ပေါ်လာသည့်အခါ တချို့နေရာသည် မြေပြင်ဖြစ်ပြီး၊ တချို့နေရာသည် တောင်ကုန်းဖြစ်သည်။ တချို့နေရာကား ချိုင့်ဝှမ်းဖြစ်သည်။ မိုးရွာဖန်များသောအခါ ပတ်ဝန်းကျင်မှ မိုးရေများ ချိုင့်ဝှမ်းထဲ စီးဝင်ပြီး အချိန်ကာလ ကြာမြင့်သွားသောအခါ ချိုင့်ဝှမ်းသည် ရေကန်ဖြစ်သွားသည်။ ကျွန်ုပ်ကို ထိုနည်းဖြင့် ကန်ဘာဝရောက်လာသော ရေကန်ဟု တချို့ပြောကြသည်။ ထိုပုဂ္ဂိုလ်များ၏ အယူအဆမှာ မှန်သလိုလိုရှိသည်။ အကြောင်းမူကား ဘုရားအတွက် မြေတူးရာမှ ဖြစ်ပေါ်လာသည့် ရေကန်

mgyoe.com

mgyoe.com
SAMPLE BOOK


ရေအိုင် ဖြစ်သည်ဆိုလျှင် မြေတူးသောကြောင့် ဖြစ်ပေါ်လာသော ချိုင့်ဝှမ်းသည် ယခုလောက် နက်လည်း မနက်နိုင်ပေ။ ကျယ်လည်း မကျယ်နိုင်ပေ။ နောက်တစ်ကြောင်းလည်း ရှိသေးသည်။ ကျွန်ုပ်၏မြောက်ဘက် ခပ်လှမ်းလှမ်း၌ အင်းလျားကန်ရှိသည်။ အင်းလျားကန်၏ အနီးအနား ပတ်ဝန်းကျင်၌ စေတီ ကြီးကြီးမားမားတစ်ဆူမျှ မရှိပေ။ အင်းလျားကန်လည်း ကျွန်ုပ်နှင့် ဘဝတူ သဘာဝရေကန်သာ ဖြစ်ဖို့ရှိသည်။

အကယ်၍ သဘာဝအရ ချိုင့်ဝှမ်းတွင် တစ်စတစ်စ ရေတင်ပြီး ဖြစ်ပေါ်လာသည့် ရေကန်ဖြစ်သည်ဆိုလျှင် ကျွန်ုပ်တို့ကို ရေကန်ဟု မခေါ်သင့်ပေ။ အမှန်က ရေကန်ဟူသည်မှာ ရေတင်ရန်အတွက် တူးဖော်ပြုလုပ်ထားသော ချိုင့်ဝှမ်းကို ခေါ်ခြင်းဖြစ်သည်။ သူ့သဘာဝအတိုင်း ဖြစ်နေသော ရေဝပ်ရာ ရေတင်ရာ ချိုင့်ဝှမ်းကိုမူ အင်းဟူ၍ လည်းကောင်း၊ အိုင်ဟူ၍ လည်းကောင်း ခေါ်ကြသည်။ သို့သော်လည်း အင်း၊ အိုင်နှင့် ရေကန်တို့မှာ အမျိုးအနွယ်တစ်ခုတည်း ဖြစ်၍ ကျွန်ုပ်ကိုလည်း 'ကန်တော်ကြီး'ဟု ခေါ်ကြခြင်း ဖြစ်ပေလိမ့်မည်။ 'အင်းတော်ကြီး'၊ 'အိုင်တော်ကြီး'ဟု ခေါ်ခြင်းထက် 'ကန်တော်ကြီး'ဟု ခေါ်ကြခြင်းက ပို၍ သုတိသာရ ရှိသည်။ အကယ်၍ တချို့လူများ၏

mgyoe.com

mgyoe.com
SAMPLE BOOK


အလိုအရ ကျွန်ုပ်သည် ရွှေတိဂုံစေတီတော်အတွက် မြေတူးရာမှ ချိုင့်ဝှမ်းဖြစ်လာပြီး ချိုင့်ဝှမ်းမှ ရေကန်ဖြစ် လာသည်ဆိုလျှင် 'ကန်တော်ကြီး'ဟု ခေါ်သည့်အတွက် ဘာမျှ စောဒကတက်စရာ မလိုပေ။

ကျွန်ုပ်တို့၏ အမျိုးအနွယ်သည် အမျိုးညံ့ထဲက မဟုတ်ပေ။ တော်ဝင်အမျိုးအနွယ် ဖြစ်သည်။

ကျွန်ုပ်ကို 'ကန်တော်ကြီး'ဟု ခေါ်သည်မှာ ကျွန်ုပ် တို့၏ အမျိုးအနွယ်နှင့် လိုက်ဖက်လှသည်။ ကျွန်ုပ်တို့ ၏ အမျိုးအနွယ်သည် သုံးလောကထွတ်ထား မြတ်စွာ ဘုရား၏ ဖြစ်တော်စဉ်နှင့် သိဒ္ဓတ္ထမင်းသား မီးရှူးဖွား မြင်လာကတည်းက ပတ်သက်ဆက်နွယ်လာခဲ့သည်။ လုမ္ဗိနီဥယျာဉ်၌ ဘုရားအလောင်း သိဒ္ဓတ္ထမင်းသား ဖွား မြင်လာသောအခါ ကောင်းကင်ယံမှ ရေနှစ်သွယ်ကျ ဆင်းလာပြီး မယ်တော်နှင့် သားတော်ကို ပက်ဖျန်းပေး သည်။ ယင်းရေအလျဉ်သည် ရေကန်တစ်ကန် ဖြစ် သွားသည်။ အခု လုမ္ဗိနီ၌ ရှိနေသော ရေကန်သည် ထိုစဉ်က ရေကန်ဖြစ်သည်ဟု ပြောကြသည်။

သိဒ္ဓတ္ထမင်းသား ခုနစ်နှစ်သားအရွယ် ရောက် လာသောအခါ သားတော် မြူးထူးပျော်ပါးကစားရန် အတွက် နတ်တို့က ရေကန်တစ်ကန် ဖန်ဆင်းပေး သည်။ ထိုရေကန်သည် သန္တာရစ်၊ ပုလဲရစ်၊ ဥဿ

mgyoe.com

mgyoe.com
SAMPLE BOOK


ဖရားရစ်၊ ပတ္တမြားရစ်၊ ကြောင်မျက်ရွဲရစ်၊ ဝံသဝဏ်ရစ်၊ ရွှေနီဖလံရစ် ခုနစ်ဆင့် ခုနစ်တန့် တန့်လျက်ပြိုးပြိုးပြက်ပြက် ဖြစ်နေသည်။ ရတနာခုနစ်ပါး အတိပြီးသော အုတ်ကျောက်နံရံနှင့် ရွှေပွတ်လုံး၊ ရွှေပွတ်တိုင်တို့ဖြင့် တင့်တယ်လှပနေသည်။ ပန်းနှင့် ရုပ်ကြွများဖော်ထားသော သန္တာနီအဆင်း စောင်းတန်းလှေကားများရှိသည့် ရေဆိပ်ခုနစ်ခုရှိသည်။ ရွှေကြာသွတ်အိုးတို့ဖြင့် စိုက်ပျိုးထားဘိသကဲ့သို့ တစ်ကန့်စီပေါက်နေသော ကြာခုနစ်မျိုးတို့သည် ပတ်ဝန်းကျင်တစ်ခွင်၌ရနံ့ကြိုင်လှိုင်နေသည်။ ကျေးငှက်သာရကာတို့လည်းတူရိယာသံသာကဲ့သို့ ကျူးရင့်နေကြသည်။ ကန်အတွင်း၌ ရတနာအတိပြီးသော လှေဖောင်တို့လည်းရှိသည်။ ရွှေလှေ၌ ငွေထီးဖြူ ရာဇပလ္လင်ဥကင် ကနက်တင်ထားပြီး ငွေလှေတွင် ရွှေထီးဖြူ ရာဇပလ္လင်ဥကင်ကနက်တင်ထားသည်။ 'နတ်တို့ဖန် ရေကန်အသင့်ကြာအသင့်' ဟူသော ဆိုရိုးစကားမှာ ယင်းကန်ကိုအကြောင်းပြု ဖြစ်ပေါ်လာသော စကားဖြစ်သည်။

ကျွန်ုပ်တို့ အမျိုးအနွယ်တွင် ကျွန်ုပ်တို့၏ဘိုးအေဟု ဆိုနိုင်သော ရေကန်ဘုရင်ရှိသည်။ ယင်းရေကန် သို့မဟုတ် ရေအိုင်မှာ အနောတတ္တအိုင်ဖြစ်သည်။ အနဝတတ္တအိုင်ဟုလည်း ခေါ်သည်။ မြန်မာ

mgyoe.com

mgyoe.com SAMPLE BOOK


တို့က အနောတတ်အိုင် သို့မဟုတ် အနောဝတတ်အိုင် ဟု ခေါ်ကြသည်။ အနောတတ္တအိုင်သည် ဟိမဝန္တာ၌ ရှိသော အကြီးမားဆုံး အိုင်ကြီးခုနစ်အိုင်ထဲက အိုင်တစ်အိုင်ဖြစ်သည်။ အနောတတ္တအိုင်ကို တောင်ထွတ်ငါးခုက ရံနေသည်။ ယင်းတောင်ထွတ်ငါးခုမှာ သုဒဿနကူဋ၊ စိတြကူဋ၊ ကာလကူဋ၊ ဂန္ဓမာဒန၊ ကေလာသတို့ ဖြစ်ကြသည်။ သုဒဿနကူဋသည် ကျီးကန်းနှုတ်သီးသဏ္ဍာန်ရှိပြီး အနောတတ္တအိုင်တစ်ခုလုံးအပေါ်တွင် အရိပ်ထိုးနေသည်။ အခြားတောင်ထွတ်လေးခုလည်း အလားတူပင် အိုင်ကြီးအပေါ် အရိပ်ထိုးနေကြသည်။ အိုင်ကြီးသည် ၁၅၀ ယူဇနာ အလျားရှိပြီး၊ ယူဇနာ ၅၀ အနံရှိသည်။ အနက်လည်း ယူဇနာ ၅၀ ရှိသည်။ တောင်ထွတ်ငါးခုပေါ်တွင် ရွာချသော မိုးရေနှင့် တောင်ထွတ်ငါးခုပေါ်က မြစ်တို့သည် အိုင်ကြီးထဲ စီးဝင်သွားကြသည်။

နေရောင်နှင့် လရောင်တို့သည် မည်သည့်အခါမှ ရေ၏အပေါ် တိုက်ရိုက်မကျရောက်ပေ။ ရောင်ပြန်မျှသာ ကျရောက်သည်။ ထို့ကြောင့် ရေအိုင်ကြီးက ရေသည် အခါခပ်သိမ်း အေးနေသည်။ အနောတတ္တ ဟူသည်မှာလည်း ယင်းအနက်အဓိပ္ပာယ်ကို အစွဲပြု၍ ခေါ်ခြင်းဖြစ်သည်။ မပူသော၊ အေးသောအိုင်ဟု ဆိုလို

mgyoe.com

mgyoe.com
SAMPLE BOOK


သည်။ ရေကန်ကြီး၌ ငါးနှင့် လိပ် မနေသည့် ကျောက်သလင်းကဲ့သို့ ကြည်လင်နေသောရေရှိသည့် ရေချိုးဆိပ်များစွာရှိသည်။ ယင်းရေချိုးဆိပ်များတွင် ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓ၊ ရဟန္တာများ ရေလာချိုးကြသည်။ နတ်ဒေဝတာများနှင့် ယက္ခိုက်*များလည်း မြူးထူးပျော်ပါးရန် လာရောက်ကြသည်။ အရပ်လေးမျက်နှာသို့ ရှေးရှုနေသည့် ပြွန်ကြီးလေးပြွန်ရှိသည်။ ယင်းပြွန်ကြီးလေးပြွန်မှာ သီဟ၊ မုခ၊ ဟတ္ထိမုခ၊ အဿမုခ၊ ဥသဘမုခတို့ ဖြစ်ကြသည်။ ယင်းပြွန်ကြီးလေးပြွန်မှ မြစ်လေးသွယ် စီးဆင်းသွားသည်။ ခြင်္သေ့ခံတွင်းနှင့်တူသော သီဟမုခပြွန်မှ ထွက်သည့် အရှေ့ဘက်မြစ်ရေသည် ရေအိုင်ကြီးကို သုံးကြိမ်ကွေ့ပတ်လျက် ဟိမဝန္တာ၏ အမနုဿနယ်မြေကို ဖြတ်ပြီးလျှင် ပင်လယ်သမုဒ္ဒရာထဲ စီးဝင်သွားသည်။ မြင်းခံတွင်းနှင့်တူသော အဿမုခပြွန်မှ ထွက်သည့် မြောက်ဘက်မြစ်ရေနှင့် ဆင်ခံတွင်းနှင့်တူသော ဟတ္ထိမုခပြွန်မှ ထွက်သည့် အနောက်ဘက်မြစ်ရေသည် မြောက်မျက်နှာနှင့် အနောက်မျက်နှာသို့ ရှေးရှုလျက် အမနုဿများ နေထိုင်သော နယ်မြေကို ဖြတ်ပြီးလျှင် ပင်လယ်သမုဒ္ဒရာထဲ စီးဝင်သွားသည်။

နွားလားဥသဘခံတွင်းနှင့်တူသော ဥသဘမုခ

---

* ရက္ခိုသ်

mgyoe.com

mgyoe.com SAMPLE BOOK


ပြွန်မှ ထွက်သည့် တောင်ဘက်မြစ်ရေသည် အရှေ့ဘက်က မြစ်ရေကဲ့သို့ပင် ရေအိုင်ကြီးကို သုံးကြိမ်သုံးခါ ကွေ့ပတ်ပြီးလျှင် တောင်ဘက်စီးသွားသည်။ ထို့နောက် ကျောက်ကမ်းပါးတစ်ခုထဲ ရောက်သွားပြီး ခြောက်မိုင်ခန့် အကျယ်အဝန်းရှိသော ရေတံခွန်ကြီး ဖြစ်သွားသည်။ ရေလုံးကြီးသည် ကောင်းကင်သို့ ပန်းတက်သွားပြီးလျှင် တိယဂ္ဂလ*မည်သော ကျောက်ဆောင်ကြီးပေါ် ကျသွားပြီး ထိုကျောက်ဆောင်ကြီးပေါ်၌ ရေလုံးကြီး၏ ဖိအားကြောင့် ယူဇနာ ၅၀ နက်သော ရေကန်ကြီးဖြစ်သွားသည်။ ထိုရေကန်ကြီး အမည်မှာ တိယဂ္ဂလ ပေါက္ခရဏီဟု ခေါ်သည်။ ထိုရေကန်ကြီးမှ ကျောက်ကမ်းပါးကို ဖြတ်လျက် ယူဇနာ ၆၀ အထိ စီးဝင်သွားပြီးလျှင် ဝိဇ္ဈတောင်ကို ယူဇနာ ၆၀ မျှ ထွင်းဖောက် စီးဝင်သွားသည်။ ဝိဇ္ဈတောင်၌ လက်ချောင်းငါးချောင်းကဲ့သို့ ရေစီးကြောင်း ငါးသွယ် ဖြစ်သွားသည်။

မူလအနောတတ္တအိုင်ကို ကွေ့ပတ်သောမြစ်၏ အစိတ်အပိုင်းကို အာဝဋ္ဋဂင်္ဂါဟု ခေါ်သည်။ ကျောက်ပြွန်တွင် ယူဇနာ ၆၀ စီးသွားသော ရေစီးကြောင်းကို ကဏှဂင်္ဂါဟု ခေါ်သည်။ အာကာသကောင်းကင်က

* တိယဂ္ဂဋ္ဌ

mgyoe.com

mgyoe.com SAMPLE BOOK


ယူဇနာ ၆၀ မျှရှိသော ရေတံခွန်ကို အာကာသဂင်္ဂါဟု ခေါ်သည်။ တိယဂ္ဂလပေါက္ခရဏီ ရေကန်ကြီးမှ ကျောက်ကမ်းပါးကိုဖြတ်လျက် စီးသွားသော ယူဇနာ ၆၀ ရေစီးကြောင်းကို ဗဟာလဂင်္ဂါဟု ခေါ်သည်။ ဥမင်လိုဏ်ခေါင်းထဲက မြစ်ကို ဥမ္မဂ္ဂဂင်္ဂါဟု ခေါ်သည်။ ဝိဇ္ဈဟတောင်စောင်းမှ ရေစီးကြောင်းငါးသွယ် ဖြာထွက်သွားသော မြစ်ငါးသွယ်ကို ဂင်္ဂါ၊ ယမုနာ၊ အစိရဝတီ၊ သရဘူ၊ မဟီ ဟု ခေါ်သည်။

သိဋ္ဌနကဝါတခေါ် ရေသွန်းဖျန်းပေးသည့် လေသည် အနောတတ္တရေအိုင်မှ ရေကို သယ်ယူလာပြီးလျှင် ဂန္ဓမာဒနတောင်ကို ပက်ဖျန်းပေးသည်။ အနောတတ္တအိုင်သည် ကမ္ဘာပျက်သောအခါကျမှ နောက်ဆုံးခန်းခြောက်သော ရေအိုင်တစ်အိုင်ဖြစ်သည်။ အနောတတ္တရေအိုင်တွင် ရေချိုးလျှင် အလွန်အမင်း သန့်ရှင်းစင်ကြယ်သွားသည်။ ထို့ကြောင့် မယ်တော်မာယာသည် ဘုရားအလောင်းကို သန္ဓေလွယ်သော နေ့က အနောတတ္တအိုင်၌ ရေချိုးရသည်ဟု အိပ်မက်မြင်မက်သည်။ သားရတနာမြတ်တစ်ပါး မွေးဖွားလိမ့်မည်ဟူသော အဓိပ္ပာယ်ဖြစ်သည်။

ဘုရားပွင့်တော်မူသည့် ခေတ်အခါက ဂန္ဓမာဒနတောင်၌ သီတင်းသုံးကြသော ပစ္စေကဗုဒ္ဓတို့သည်

mgyoe.com

mgyoe.com SAMPLE BOOK


အနောတတ္တအိုင်၌ မျက်နှာသစ်ပြီးမှ ဣသိပတန မိဂဒါဝုန်တောသို့လည်းကောင်း၊ အခြားနေရာဌာန တစ်ခုခုသို့လည်းကောင်း ကြွတော်မူကြသည်။ ဗုဒ္ဓသည် မကြာမကြာ အနောတတ္တရေအိုင်၌ ကိုယ်လက် သန့်စင်တော်မူပြီးလျှင် ဥတ္တရကုရုသို့ ဆွမ်းခံကြွတော်မူသည်။ ထို့နောက် အနောတတ္တရေအိုင်သို့ပင် ပြန်ကြွလာပြီးလျှင် ဆွမ်းဘုဉ်းပေး၍ အနောတတ္တရေအိုင် ကမ်းပါး၌ နေ့သန့်တော်မူသည်။

အနောတတ္တရေအိုင်၌ ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓ၊ ရသေ့၊ ရဟန်း၊ လောကပါလ နတ်ကြီးလေးပါး၊ တခြားသော နတ်သားနတ်သမီးများအတွက် ရေချိုးဆိပ်သတ်သတ်စီ ရှိကြသည်။

နတ်သမီး ရေချိုးဆိပ်၌ တစ်ခါက ကာလကဏ္ဏိ နတ်သမီးနှင့် သီရိနတ်သမီးတို့သည် သူအရင် ရေချိုးမည်၊ ငါအရင် ရေချိုးမည်ဆိုပြီး အချင်းများကြသည်။

အနောတတ္တရေအိုင်မှ ရေကို တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်များမှသာ ဆောင်ကြဉ်းလာနိုင်သည်။ တစ်ခါက မြတ်စွာဘုရားသည် သုမနသာမဏေ၏ တန်ခိုးဣဒ္ဓိပါဒ်ကို သိစေလို၍ အနောတတ္တရေအိုင်မှ ရေနှင့် ခြေတော်ကို ဆေးကြောလိုသည်ဟု မိန့်တော်မူသည်။ ထိုအခါ သုမနသာမဏေမှတစ်ပါး အခြား

mgyoe.com

mgyoe.com
SAMPLE BOOK


မည်သူမျှ အနောတတ္တရေအိုင်မှ ရေကို ဆောင်ကြဉ်း မပေးနိုင်ကြပေ။ သောဏသည် သူ၏ညီနောင် နန္ဒနှင့် လိုက်ပါလာကြသော ၁၀၁ ပါးသောမင်းတို့အား တန်ခိုး ပြလို၍ အနောတတ္တအိုင်မှ ရေကို ဆောင်ကြဉ်းပေး သည်။ ဇဝဟာသဟဿမင်းသည် ဗာရာဏသီဘုရင်နှင့် မိတ်ဆွေဖြစ်သွားသောအခါ ဗာရာဏသီဘုရင်အတွက် အနောတတ္တအိုင်မှ ရေကို ဆောင်ကြဉ်းပေးသည်။

အနောတတ္တအိုင်က ပဏ္ဍက နဂါးမင်းသည် သုမနသာမဏေအား မိမိ၏ မဖွယ်မရာပြုမှု ပြေပျောက် သွားစေရန်အတွက် အနောတတ္တရေအိုင်မှ ရေကို ဆက်သပါမည်ဟု ကတိပြုသည်။ နန္ဒသည် သူ့နောင် တော်၏ စကားကို မနာခံသည့် အပြစ်ကို ခွင့်လွှတ်ရန် အတွက် တောင်းပန်လိုစိတ် ဖြစ်ပေါ်လာသည့်အခါ အနောတတ္တရေအိုင်မှ ရေကို သယ်ဆောင်လာခြင်း သည် အကောင်းဆုံးနည်းလမ်းဖြစ်သည်ဟု တွေးတော သည်။ အနောတတ္တအိုင်မှ ရေသည် အနာရောဂါကို လည်း ပျောက်ကင်းစေနိုင်သည့် သတ္တိရှိသည်။ အနုရုဒ္ဓါ၏ စိတ်ရောဂါသည် အနောတတ္တရေအိုင်မှ ရေကို သုံးသောကြောင့် ပျောက်ကင်းသွားသည်။ နတ် ဒေဝတာများသည် သီရိဓမ္မာသောကမင်းတရားကြီး အတွက် အနောတတ္တရေကို ဆောင်ကြဉ်းပေးကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK


ရုံဖန်ရုံခါ မြတ်စွာဘုရားသည် နောက်ပါသံဃာများနှင့် အတူတကွ အနောတတ္တရေအိုင်ပေါ် ကြွပြီးလျှင် တရားဒေသနာ ဟောကြားတော်မူသည်။ ရဟန်းသံဃာများသည် မကြာခဏ အနောတတ္တရေအိုင်၌ သီတင်းသုံးပြီးလျှင် ကမ္မဋ္ဌာန်း ဘာဝနာများ ပွားများအားထုတ်ကြသည်။ မြတ်စွာဘုရားက ပြန်ခေါ်မှ ပြန်သွားကြသည်။ မဟာကပ်ကမ္ဘာ၏ သက်တမ်းကာလကို တိုင်းတာရာ၌လည်း အနောတတ္တရေအိုင်ပါနေသည်။ နှစ်တစ်ရာအကြာတွင် တစ်ခါ သမန်းမြက်ဖျာကို အနောတတ္တရေအိုင်ထဲ နှစ်၍ ပါလာသည့် ရေတစ်စက်ကို ခါပစ်လိုက်ပါ။ အနောတတ္တရေအိုင်တွင် ရေကုန်သွားလျှင် မဟာကပ်ကမ္ဘာကြီး ကုန်ဆုံးသွားလိမ့်မည်။ အနောတတ္တရေအိုင်မှ ရေသည် နောက်ဆုံး၌ မြစ်များကို ဖြတ်လျက် ပင်လယ်သမုဒ္ဒရာထဲ စီးဝင်သွားပြီး နောက်ဘက် ပြန်မလှည့်သကဲ့သို့ ဘုရားအလောင်းသည်လည်း အပြီးသတ်ဘဝ၌ ဗုဒ္ဓဖြစ်အောင် ကျင့်မည်ဟူသော အဓိဋ္ဌာန်မှ စကြဝဠာမင်း ဖြစ်ရန် အလို့ငှာ နောက်ဘက် မည်သည့်အခါမှ ပြန်မလှည့်တော့ပေဟူ၍လည်း ဥပမာပေးထားသည်။

ကျွန်ုပ်တို့၏ အမျိုးအနွယ်ထဲက အဓိပတိ အနောတတ္တရေကန် သို့မဟုတ် အနောတတ္တရေအိုင်

mgyoe.com

mgyoe.com
SAMPLE BOOK


အကြောင်း ရေးသားဖော်ပြထားသော ကျမ်းဂန်လာ စကားများဖြစ်သည်။ ကျွန်ုပ်တို့မျိုးနွယ်ထဲက ဝေသာလီ ပေါက္ခရဏီရေကန်၏ ခမ်းနားမှုမှာလည်း မသေးငယ် လှပေ။ လိစ္ဆဝီဘုရင် သို့မဟုတ် ရာဇာ ၉၉၉ ဦး အဘိသိက် သွန်းသော ယင်းအဘိသေက မင်္ဂလာကန်တော်ကြီး၌ လိစ္ဆဝီဘုရင် သို့မဟုတ် ရာဇာတို့သည် အဘိသိက် (ရေချိုးခြင်း) ပြုကြရသည်။ ယင်းမင်္ဂလာကန်တော် ကြီး၌ အဘိသိက်သွန်းပြီးမှ လိစ္ဆဝီဂဏ လွှတ်တော်ဝင် ဘုရင် သို့မဟုတ် ရာဇာဖြစ်သည်။ အဘိသေက မင်္ဂလာ ဆင်ယင်ကျင်းပသော နေ့ရက်များ၌ မင်္ဂလာ ကန်တော်ကြီး၏ ပတ်ပတ်လည်တွင် မုခ်ဦးများ၊ နတ် လမ်းများ ဆောက်လုပ်ထားပြီးလျှင် ကန်တော်တစ်ခု လုံး မွှမ်းမံထားကြသည်။ မင်္ဂလာကန်တော်ကြီးတွင် ကြေးကွန်ချာ ဖုံးအုပ်ထားသည်ဖြစ်၍ ကျေးငှက်များ သည်ပင် ထိုရေကန်က ရေတစ်ပေါက် မသောက်နိုင်ကြ ပေ။ ဓားလွတ်ကိုင် အစောင့်အကြပ်များလည်း အမြဲ မပြတ် စောင့်ကြပ်နေကြသည်။ ယင်းသို့ စောင့်ကြပ် နေသည့်ကြားထဲက ပြည်ပမှ ယင်းကန်တော်ကြီးထဲ ရေလာချိုး၊ ရေလာသောက်သွားသည့် အဖြစ်အပျက် တစ်ခု ဖြစ်ပျက်ခဲ့ဖူးသည်။

သာဝတ္ထိမှ စစ်သူကြီး ဗန္ဓုလ၏ ဇနီး စစ်သူကြီး

mgyoe.com

mgyoe.com SAMPLE BOOK


ကတော် မလ္လိကာသည် ကိုယ်ဝန်ရှိလာသောအခါ ကြံကြံဖန်ဖန် ဝေသာလီပေါက္ခရဏီ ကန်တော်ကြီးက ရေကို သောက်ပြီး ထိုကန်ရေဖြင့် ရေချိုးလိုသည့်ချင်ခြင်း ဖြစ်လာသည်။ စစ်သူကြီး ဗန္ဓုလသည် စစ်သူကြီး ကတော်၏ ချင်ခြင်းကို ဖြည့်တင်းပေးခဲ့သည်။ အစောင့် အကြပ်များ အထပ်ထပ်ချထားသည့်ကြားက မလ္လိကာ နှင့်အတူ ဝဒ္ဓိပြည်တွင်း ချင်းနင်းဝင်ရောက်ပြီး ဝေသာလီရှိ မင်္ဂလာကန်တော်တွင် မလ္လိကာ၏ အလိုဆန္ဒကို ဖြည့် ပေးခဲ့သည်။ မြန်မာစစ်သူကြီး ဗန္ဓုလကို ဗန္ဓုလအမည် မှည့်ထားခြင်းမှာ သူရသတ္တိအရာ၌ သူမထူးအောင် ထူးချွန်သော ယင်းဗန္ဓုလအမည်ယူ၍ မှည့်ထားခြင်း ဖြစ်သည်။

ကျွန်ုပ်တို့၏ အမျိုးအနွယ်ထဲက အခြား သမိုင်း ဝင် ရေကန်များလည်း ရှိသေးသည်။ သို့သော်လည်း ယခု မပြောပြတော့။ ကျွန်ုပ်တို့၏ သဘောသဘာဝနှင့် ပတ်သက်၍ အနည်းငယ် ပြောပြလိုသည်။ လောက၌ လူရယ်လို့ ဖြစ်လာလျှင် မိမိနှင့် ဘဝတူလူသားများ၏ အကျိုးကို သယ်ပိုးဆောင်ရွက်ရသည်။ လူသားများ၏ ကြားထဲမှနေပြီး မိမိတစ်ကိုယ်အကျိုးကိုသာ ကြည့် လျက် တခြားလူများကို ဥပေက္ခာပြုထားလျှင် ထိုလူ သည် လူ့ကျင့်ဝတ်ဖောက်ဖျက်သူ ဖြစ်သည်။ ကျွန်ုပ်

mgyoe.com

mgyoe.com
SAMPLE BOOK


တို့လည်း မိမိတို့ တတ်နိုင်သည့်ဘက်က သက်ရှိ သတ္တဝါများကို အကျိုးပြုသည်။ လူနှင့်တကွ တိရစ္ဆာန် တွေပါမကျန် ကျွန်ုပ်တို့ကို အမှီပြု၍ နေကြရသည်။ ကျွန်ုပ်တို့၏ ရေကို သောက်သုံးကြသည်။ ကျွန်ုပ် တို့၏ ရေနှင့် အစစအရာရာကို သန့်စင်အောင်ပြုကြ သည်။ ကျွန်ုပ်တို့သည် သက်ရှိသတ္တဝါများ စိတ် ချမ်းသာ ကိုယ်ချမ်းသာဖြစ်အောင် အမှုထမ်းကြသည်။

ယင်းသို့ သက်ရှိသတ္တဝါများအတွက် အကျိုး ဆောင်ရွက်သော်လည်း မိမိအတွက်မှာမူ အကျိုးမရှိ ပေ။ လူတွေက ကျွန်ုပ်တို့ကို အသုံးချခံသဘောလောက် သာ ထားကြသည်။ ကိစ္စမရှိ။ ကျွန်ုပ်တို့ မမှုပေ။ သူတစ်ပါးအကျိုး ဆောင်ရွက်ရလျှင် ကျေနပ်ပြီ။ သစ်ပင် သည် ခရီးသွားခရီးလာများအား အရိပ်အာဝါသပေး သော်လည်း မိမိမှာမူ နေပူမရှောင်၊ မိုးရွာမရှောင် ရာသီ ဥတုဒဏ်ခံနေရသည်။ ဆီမီးခွက်သည် သူတစ်ပါးကို အလင်းရောင်ပေးသော်လည်း မိမိကိုယ်တိုင်မှာမူ အပူဒဏ်ခံနေရသည်။ ကျွန်ုပ်တို့လည်း ထိုသဘော အတိုင်းပင်ဖြစ်သည်။ သက်ရှိသတ္တဝါများအား အကျိုး ပြုသော်လည်း မိမိတို့ဘဝမှာမူ မျောက်လောင်း၊ မျောက် လောင်းသာ ဖြစ်နေသည်။ ကျေးဇူးပြုထားသူများ၏ ကျေးဇူးတင်ခြင်းကိုလည်း မခံရပေ။ ကျေးဇူးတင်မခံရ

mgyoe.com

mgyoe.com SAMPLE BOOK


သည့်အတွက်ကြောင့်လည်း ဝမ်းမနည်းပေ။ ကျေးဇူး အတင်ခံရအောင် ကျေးဇူးပြုခြင်းသည် စေတနာ စင်ကြယ်သော ကျေးဇူးပြုခြင်း မဟုတ်ပေ။

ကျွန်ုပ်တို့၏ ဂုဏ်ပုဒ်တစ်ခုကိုလည်း ထုတ်ဖော် ပြောရဦးမည်။ ကျွန်ုပ်တို့သည် တည်ငြိမ်ကြွေရှုမှု၏ ရုပ်လုံးဖြစ်သည်။ ကျွန်ုပ်တို့၏ ရေပြင်သည် မြစ်များ၊ ချောင်းများ၏ ရေပြင်ကဲ့သို့ လှုပ်ပေါ်ခြင်း မရှိပေ။ တည်ငြိမ်နေသည်။ ကြွေရှုနေသည်။ သုသာန်သင်္ချိုင်း လည်း ငြိမ်နေသည်။ သို့သော်လည်း သုသာန်သင်္ချိုင်း ငြိမ်ခြင်းသည် ပူသောငြိမ်ခြင်း ဖြစ်သည်။ ကျွန်ုပ်တို့၏ ငြိမ်ခြင်းမှာမူ အေးသောငြိမ်ခြင်းဖြစ်သည်။ ထို့ကြောင့် သမာဓိတရားကို ကျွန်ုပ်တို့၏ ရေပြင်နှင့် နှိုင်းခိုင်း ဥပမာပေးကြသည်။ သို့ရာတွင် အနိစ္စ သဘောတရား၊ ခဏိက သဘောတရားကိုမူ ကျွန်ုပ်တို့နှင့် ဥပမာ မပေးပေ။ ချောင်းရေ၊ မြစ်ရေနှင့်သာ ဥပမာပေးကြ သည်။ စီးနေသော မြစ်ရေ၊ ချောင်းရေသည် ပစ္စုပ္ပန်၌ ရုပ်တည်မနေပေ။ ထို့ကြောင့် မပြတ် ပြောင်းနေသော အနိစ္စတရား၊ ခဏိကတရားနှင့် ဥပမာပေးခြင်းဖြစ် သည်။ ကျွန်ုပ်တို့၏ရေမှာမူ ပစ္စုပ္ပန်၌ ရုပ်တည်နေ သည်ဖြစ်၍ ယင်းသဘောတရားများနှင့် ပတ်သက်၍ ဥပမာပေးခြင်း မခံရပေ။ ။

mgyoe.com

mgyoe.com SAMPLE BOOK

## တောတိရစ္ဆာန်နှင့် မြို့တိရစ္ဆာန်

ကမ္ဘာပေါ်ရှိ သက်ရှိသက်မဲ့ အရာဝတ္ထုမှန်သမျှ အနိစ္စ သဘောတရားကို မလွန်ဆန်နိုင်ကြပေ။ ဖြစ်ပေါ်လာသော အရာဝတ္ထုအားလုံး ပျက်စီးချုပ်ငြိမ်းသွားရသည်။ ပျက်စီးချုပ်ငြိမ်းသွားသော အရာဝတ္ထုဟောင်း၏နေရာ၌ အရာဝတ္ထုအသစ် အစားထိုး ဖြစ်ထွန်းပေါ်ပေါက်လာသည်။

မြန်မာ့သမိုင်း ခေတ်ဦးလောက်က ပုဂံသည် ကြက်ပျံမကျ စည်ကားခဲ့သော မြန်မာနိုင်ငံ၏ နေပြည်တော်ကြီးဖြစ်ခဲ့သည်။ သို့သော် ယခုအချိန်တွင်ကား သမိုင်း၏ပြတိုက်သဖွယ် အဖြစ်လောက်သာ ကျန်ရှိတော့သည်။ သာဝတ္ထိသည် ဗုဒ္ဓလက်ထက်တော်က ကောသလတိုင်း၏ မင်းနေပြည်တော် ဖြစ်ခဲ့သော်

mgyoe.com

mgyoe.com SAMPLE BOOK


လည်း ယခုခါ၌ ကျီးနှင့်ဖုတ်ဖုတ် ဖြစ်နေပြီ။ ကလကတ္တားသည် အတိတ်က ကျေးရွာဇနပုဒ်တစ်ခုမျှသာ ဖြစ်ခဲ့သော်လည်း ယခုအခါ၌ ကမ္ဘာ့အကြီးဆုံး မြို့ကြီးတစ်မြို့ ဖြစ်နေပြီ။ ရန်ကုန်သည် ရာစုနှစ်ပေါင်း များစွာ မတိုင်မီက တောကြီးခေါင်ခေါင် ဖြစ်ခဲ့သော်လည်း ယခု မြန်မာနိုင်ငံ၏ မြို့တော်ကြီး ဖြစ်နေပြီ။

ကျွန်ုပ်၏ အတိတ်နှင့် ပစ္စုပ္ပန်အခြေအနေကိုလည်း ကြည့်ပါဦး။ ကျွန်ုပ်၏ ပတ်ဝန်းကျင်တစ်ဝိုက်သည် ယခုအခါတွင် ကမ္ဘာပေါ်ရှိ မြို့ကြီးပြကြီးများ၏ စည်ကားသော ဝန်းကျင်တစ်ခုနှင့် ယှဉ်နိုင်လောက်အောင်ပင် လူနေအိမ်ခြေများနှင့်လည်းကောင်း၊ တိုက်တာအဆောက်အအုံများနှင့်လည်းကောင်း၊ ခေတ်ပေါ်ကိရိယာ တန်ဆာပလာများနှင့်လည်းကောင်း၊ မျက်စိပသာဒကို ဆွဲဆောင်နိုင်သည့် ရှုခင်းရှုကွက်များနှင့်လည်းကောင်း သိုက်သိုက်မြိုက်မြိုက် စည်စည်ကားကား ဖြစ်နေသည်။ ကျွန်ုပ်၏ နယ်မြေပေါ်၌ ဟိုတယ်ချည်း လေးငါးခုလောက် ရှိနေသည်။

ကရဝိက် (ကရဝိက)ခေါ်သော ဟိမဝန္တာ ငှက်တစ်မျိုးရှိသည်။ ဥဩငှက်ကဲ့သို့ပင် တွန်ကျူးသံ သာယာနာပျော်ဖွယ်ရှိသောကြောင့် ကရဝိက်ဟု ခေါ်ခြင်းဖြစ်သည်။ ပဒေသရာဇ်လက်ထက်က ရှေးရှေး

mgyoe.com

mgyoe.com
SAMPLE BOOK


မြန်မာဘုရင်များသည် ရေလမ်းခရီးသွားကြသည့်အခါ မိမိတို့ စီးနင်းလိုက်ပါသည့် ရေယာဉ်ကို စိတ်ကူးနှင့် မှန်းဆ၍ ကရဝိက်ငှက် ပုံသဏ္ဍာန် ပြုလုပ်ထားကြသည်။ ယင်းအစဉ်အလာသည် ပဒေသရာဇ်ခေတ်၏ အမွေအနှစ်အဖြစ် နှောင်းခေတ်တွင်လည်း ကျန်ရှိနေပေသည်။ ခမ်းနားကြီးကျယ်သော မင်းခမ်းမင်းနားများကို ကျင်းပပြုလုပ်ကြသည့်အခါများ၌ ကရဝိက်ငှက်သဏ္ဍာန် ဖန်တီးပြုလုပ်ထားခြင်းဖြစ်၍ ရေပြင်ပေါ်၌သာ ရွေ့လျား၍ ရသည်။ ထို့ကြောင့် တိုင်းပြည်ကို အုပ်စိုးသူ မင်းအဆက်ဆက်တို့ ကရဝိက်ဖောင်ဖြင့် မင်းခမ်းမင်းနား ကျင်းပသည့်အခါတိုင်း ကျွန်ုပ်၏ ရေပြင်သည် အသုံးတော်ခံ ဖြစ်ခဲ့ရသည်။

ကရဝိက်ဖောင်ကြီးများသည် အခမ်းအနားပြီးသွားသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်၏ ရေပြင်မှ ပျောက်ကွယ်သွားကြသည်။ သို့သော်လည်း ယခုအခါ၌မူ ကျွန်ုပ်၏ ရေပြင်ပေါ်၌ ယာယီ ကရဝိက်ဖောင် မဟုတ်တော့ဘဲ အမြဲတမ်းတည်ရှိနေသည့် ကရဝိက်ဖောင်ကြီးကို တည်ဆောက်လိုက်ပြီ။ ကရဝိက်ဖောင်ကြီးမှာ အုံ့မခန်း အဆောက်အအုံကြီးဖြစ်၍ ပြည်တွင်းပြည်ပမှ ရန်ကုန်သို့ အသစ်ရောက်ရှိလာသူတိုင်း လာရောက်ကြည့်ရှုရသည်။ ကရဝိက်ဖောင်ကြီးသည် ရန်ကုန်မြို့၏

mgyoe.com

mgyoe.com SAMPLE BOOK


ထင်ရှားသော ဟိုတယ်ကြီးတစ်ခု ဖြစ်နေသည်။ ကျွန်ုပ်၏ နယ်မြေပေါ်၌ ကရဝိက်ဟိုတယ်အပြင် ကန်တော်ကြီးဟိုတယ် စသော အခြားခေတ်မီဟိုတယ်ကြီးများ၊ စားတော်ဆက်များလည်း ရှိသေးသည်။ တချို့ဟိုတယ်များ၌ ကာရာအိုကေ အဆိုအကတို့ပင် ရှိနေကြသည်။

ကျွန်ုပ်၏ နယ်မြေအတွင်းရှိ ကျွန်းတစ်ကျွန်းတွင်လည်း မျှော်စင်ကြီးတစ်ခု ဆောက်ထားသည်။ ယင်းမျှော်စင်ကြီးပေါ် တက်ကြည့်လျှင် ရန်ကုန်တစ်မြို့လုံးကို လှမ်းမြင်ရသည်။ ကျွန်ုပ်၏ တောင်ဘက်ခြမ်း တိရစ္ဆာန်ဥယျာဉ်နှင့် တစ်လမ်းခြားတွင်လည်း ခေတ်မီငါးပြတိုက်ကြီးတစ်ခု ရှိသည်။ ရေသတ္တဝါများ၏ အိမ်ဂေဟာဖြစ်သော ကျွန်ုပ်၏နယ်မြေပေါ်၌ ငါးပြတိုက် ဆောက်လုပ်ထားခြင်းမှာ 'ဌာနာဌာနကောသလ္လ' ဉာဏ်ရှိသူတို့၏ အစီအစဉ်ဖြစ်သည်။

ကျွန်ုပ်၏ နယ်မြေတစ်ခွင်လုံးရှိ မြေကွက်လပ်များတွင်လည်း အပန်းဖြေစခန်းများ ဖွင့်ထားသည်။

ယင်းသို့အားဖြင့် ယခုအခါ၌ ကျွန်ုပ်၏ ပတ်ဝန်းကျင်သည် ခေတ်မီမြို့ကြီးများ၏ ဝန်းကျင်ကဲ့သို့ ဘက်စုံထောင့်စုံ တိုးတက်စည်ကားနေသော်လည်း အတိတ်ကို ပြန်ပြောင်းကြည့်လိုက်လျှင်မူ ကျွန်ုပ်၏ဝန်းကျင်သည် တောကြီးမျက်မည်းသာလျှင် ဖြစ်ခဲ့သည်။ ကျွန်ုပ်

mgyoe.com

mgyoe.com
SAMPLE BOOK


၏ ဝန်းကျင်တွင် လူနေအိမ်ခြေ မရှိပေ။ တောအတိသာလျှင် ဖြစ်နေသည်။

ကျွန်ုပ်၏ နယ်မြေမျှသာမကဘဲ ကျွန်ုပ်၏တည်ရာ မှီရာ နယ်မြေဒေသဖြစ်သော ရန်ကုန်သည်ပင် ထိုစဉ်က လူနေအိမ်ခြေဟူ၍ ကြည့်မမြင်ဘဲ တောခေါင်ခေါင်သာလျှင် ဖြစ်နေသည်။

ရန်ကုန်ဟူသော အမည်သည်ပင်လျှင် အမည်နာမ နှစ်ဆက်သုံးဆက် ပြောင်းပြီးမှ တွင်လာသည့် အမည်ဖြစ်သည်။ ရန်ကုန်သမိုင်းသည် ရွှေတိဂုံစေတီတော်သမိုင်းနှင့်လည်း ဆက်စပ်မှုရှိနေသည်။ ရွှေတိဂုံစေတီတော်၏ ခေတ်ဦးလောကက ရန်ကုန်ကို ဥက္ကလာပဟု ခေါ်သည်။ ရန်ကုန်၏ ဒုတိယအမည်မှာ ဒဂုန်ဖြစ်သည်။ ရန်ကုန်၏ ရှေးအမည် ဒဂုန်ကို ယခုခေတ်၌ပင် အသုံးပြုနေကြသည်။ ပုဂံခေတ်ရောက်လာသောအခါ ဥက္ကလာပပျောက်ပြီး 'ဒဂုန်' အမည်တွင်နေပြီ။

ပုဂံခေတ်၌ ဒဂုန်ထက် ဒဂုန်တစ်ဖက်ကမ်းရှိ ဒလက စည်ကားသည်။ ဒဂုန်က တောဖြစ်ပြီး ဒလက မြို့ဖြစ်နေသည်။ ထိုအချိန်က ဒဂုန်သည် ရွှေတိဂုံစေတီတော်ကို လာရောက်ဖူးမြော်ကြသော ဘုရားဖူးများ၏ ဘုရားဖူးစခန်းမျှလောက်သာဖြစ်ပြီး ဒလမှာမူ

mgyoe.com

mgyoe.com
SAMPLE BOOK


မြန်မာနိုင်ငံ၏ နေပြည်တော် ပုဂံနှင့် အဆက်အသွယ်ရှိသော မြို့တစ်မြို့ဖြစ်နေသည်။

ကျန်စစ်သား၏ပြိုင်ဘက် ငရမန်ကန်းသည် ဒလ၏ အခွန်အတုတ်ကို စားရသူဖြစ်သည်။ ဘုရင်နရပတိစည်သူလက်ထက် ဘုရင်၏ လေးစား ကြည်ညိုမှု ခံရသော ဓမ္မဝိလာသ ဓမ္မသတ်ကျမ်းပြု ရဟန်းတော်မှာ ဒလမြို့သားဖြစ်သည်။ ဘုရင် နရသီဟပတေ့၏ အမတ်ကြီး ရာဇသင်္ကြံသည် ဒလ၌ ကွယ်လွန်အနိစ္စရောက်သွားသည်။ တရုတ်ပြေးမင်းသည် တရုတ်ရန် ကြောက်၍ တိမ်းရှောင်ထွက်ပြေးသော အခါ ပထမ ဒလသို့ ရောက်လာသည်။ ဒလကမှ ပုသိမ်သို့ ခရီးဆက်သည်။ ပြည်စား သီဟသူသည် ဒလမြို့သို့ ချီတက်ပြီးလျှင် ဒလစား ကျော်စွာကို အကြိမ်ကြိမ် တိုက်ခိုက်သည်။ သို့သော်လည်း အောင်မြင်မှု မရရှိပေ။ ရာဇာဓိရာဇ်နှင့် မင်းရဲကျော်စွာတို့၏ တိုက်ပွဲ၌ မင်းရဲကျော်စွာ ကျဆုံးသောနေရာမှာလည်း ဒလပင်ဖြစ်သည်။

ယင်းသို့အားဖြင့် ပုဂံခေတ်နှင့် ပုဂံခေတ်ဝန်းကျင်တစ်ဝိုက်၌ ဒလက သမိုင်းဝင်မြို့တစ်မြို့ ဖြစ်နေပြီး ရန်ကုန်က ဇနပုဒ်မျှလောက်သာ ရှိသေးသည်။ သို့ရာတွင် အနိစ္စတရား၏ နိယာမ သဘောအရ ယခုအခါ

mgyoe.com

mgyoe.com
SAMPLE BOOK


တွင်ကား ဒလနှင့် ရန်ကုန်သည် ပြောင်းပြန် ဖြစ်သွားပြီ။ ဒလက ဇနပုဒ်မျှလောက်သာရှိပြီး ရန်ကုန်က မြန်မာနိုင်ငံ၏ မြို့တော်ဖြစ်နေပြီ။

ပင်းယခေတ်နှင့် အင်းဝခေတ် ရောက်လာသောအခါ၌ကား ရန်ကုန်သည် အတော်အတန် လူရာဝင်လာသည်။ ဗညားဦးလက်ထက်၌ ဗညားဦး၏ အစ်မတော် မဟာဒေဝီနှင့် တူတော် ဗညားနွဲ့ မင်းသားထီးနန်းအတွက် မသင့်မတင့်ဖြစ်ကြသောအခါ ဗညားနွဲ့သည် ဒဂုန်သို့ ဆုတ်ခွာလာပြီးလျှင် အင်အားစုလျက် ထပ်မံချီတက်တိုက်ခိုက်ရာ အနိုင်ရရှိသွားသည်။ ဗညားနွဲ့သည် ထီးနန်းရပြီးနောက် ရာဇာဓိရာဇ်ဘွဲ့ ခံယူသည်။ အရီးတော် မဟာဒေဝီအား ငယ်စဉ်က ကျွေးမွေးဖူးသော ကျေးဇူးကို ထောက်ထားလျက် မြို့စားအဖြစ် ဒဂုန်မြို့ကိုပင် ပြန်လည်အပ်နှင်းလိုက်လေသည်။ ထိုအချိန်မှစ၍ ဒဂုန်မြို့သည် စာရင်းဝင်လာသည်။ သို့ရာတွင် သန်လျင်တွင် ငဇင်ကာ မင်းမူနေသော အချိန်တွင် ဒဂုန်မြို့ငယ်သည် တောဘဝပြန်ရောက်သွားသည်။ အလောင်းဘုရား ချီတက်လာသောအခါ ဒဂုန်တစ်ဝိုက်၌ တောဖြစ်နေသည်ကို တွေ့ရသည်။ အလောင်းမင်းတရားကြီးသည် ဒဂုန်ကို သိမ်းပြီးလျှင် မြို့သစ်တည်လျက် ဒဂုန်မြို့ကို ရန်ကုန်

mgyoe.com

mgyoe.com SAMPLE BOOK


မြို့ဟု အမည်ပေးလိုက်လေသည်။ ထိုအချိန်မှစ၍ ရန်ကုန်အမည်တွင်လာလေသည်။

သို့သော်လည်း အင်္ဂလိပ်နယ်ချဲ့တို့ ရောက်မလာမီအတွင်း ရန်ကုန်နယ်မြေတစ်ဝိုက်၌ တောကြီး၊ စိမ့်ကြီး၊ မြိုင်ကြီး၊ ဂနိုင်ကြီးများသာ လွှမ်းမိုးနေသည်။ ယင်းတောကြီး၊ စိမ့်ကြီး၊ မြိုင်ကြီး၊ ဂနိုင်ကြီးများ၌ သားရဲတိရစ္ဆာန်များ ခိုအောင်းသွားလာနေကြသည်။ လူသူဆိတ်သုဉ်းပြီး တောအတိဖြစ်နေသဖြင့် အရညဝါသီ တောမှီရဟန်းများ မွေ့လျော်ပျော်ပိုက်ကြသည်။ အရညဝါသီ တောမှီရဟန်းများ တောရဆောက်တည်သော တောကြီးများကို အရှေ့တောရ၊ အနောက်တောရ၊ အလယ်တောရဟူ၍ အရပ်မျက်နှာအလိုက် အသီးသီး ခွဲခြားခေါ်ကြသည်။ ယခုအခါ၌ အရှေ့တောရနှင့် အနောက်တောရမှာ ပျောက်ကွယ်သွားပြီဖြစ်သော်လည်း အလယ်တောရဟူသော အမည်မှာမူ ကျန်ရှိနေတုန်းပင် ဖြစ်သည်။ အလယ်တောရကို ဦးဖြားတောရဟုလည်း ခေါ်သည်။ ထိုနေရာတစ်ဝိုက်၌ ယခုထက်တိုင်ပင် ဘုန်းကြီးကျောင်းများ ရှိနေသေးသည်။ အလယ်တောရသည် ယခုထက်တိုင်ပင် သာသနာ့နယ်မြေဖြစ်နေသည်။

ကျွန်ုပ်၏ ဝန်းကျင်၌လည်း တောကြီးမြိုင်ကြီး

mgyoe.com

mgyoe.com
SAMPLE BOOK


များသာလျှင် ပတ်ပတ်လည် ဝိုင်းနေသည်။ ကျွန်ုပ်သည် မိမိပတ်ဝန်းကျင် တောမြိုင်အတွင်း၌ လှုပ်ရှားသွားလာနေကြသော ခြသေ့်၊ ကျား စသည့် သားရဲတိရစ္ဆာန်များကို တွေ့မြင်နေရသည်။ ယခု ကျွန်ုပ်၏ ဝန်းကျင် လမ်းမများပေါ်၌ ကြောင်ကြောင်ကျားကျားများကို တွေ့မြင်နေရသည်။ ထိုအချိန်က တွေ့မြင်ရသော ကြောင်ကြောင်ကျားကျားများမှာ အစင်းအပြောက်များရှိသော ကျား၊ ကျားသစ် စသည့် သားရဲတိရစ္ဆာန်များဖြစ်ပြီး ယခု မြင်တွေ့နေရသော ကြောင်ကြောင်ကျားကျားများမှာ အပြောက်၊ အစင်း၊ အကွက်များ ဖော်ထားသော အဆင်အမျိုးမျိုး၊ အသွေးအမျိုးမျိုး ဝတ်စားဆင်ယင်ထားကြသည့် လူသားများဖြစ်သည်။

ကျွန်ုပ်၏ဝန်းကျင်၌ သားရဲတိရစ္ဆာန်များ လှည့်လည်သွားလာနေကြသည်မှာ နောက်ပိုင်း အချိန်အတော်ကြာသည်အထိ ဖြစ်သည်။ အင်္ဂလိပ်နယ်ချဲ့များ ရန်ကုန်ကို သိမ်းပြီးသည့်နောက်ပိုင်း၌ပင် တောများမရှင်းရသေး၍ သားရဲတိရစ္ဆာန် အကျန်အကြွင်းများ ရှိနေကြသေးသည်။ ရွှေတိဂုံဘုရား ကျားတက်သည်မှာ အင်္ဂလိပ်နယ်ချဲ့များ ရန်ကုန်သိမ်းပြီးနောက် နှစ်ပေါင်း ၆၀ ကျော်လောက်ကြာမှ ဖြစ်ပျက်သည့် အဖြစ်အပျက်ဖြစ်သည်။ ခရစ်နှစ် ၁၈၉၂ ခုနှစ်လောက်

mgyoe.com

mgyoe.com
SAMPLE BOOK


က ကျားတစ်ကောင်သည် ရွှေတိဂုံစေတီတော် သပိတ်မှောက် ခေါင်းလောင်းနားအထိ တက်ပြီး ဝပ်နေသည်။ မည်သည့်အချိန်က မည်သည့်လမ်းက မည်သို့မည်ပုံ တက်လာသည်ကို မည်သူမျှ သတိမပြုမိလိုက်ကြပေ။ သုံးရက်လောက်ကြာမှ တွေ့မြင်ကြသည်ဖြစ်၍ ထိုကျားကို အင်္ဂလိပ်စစ်တပ်မှ ဂေါ်ရာစစ်ဗိုလ်များက သေနတ်နှင့် ပစ်သတ်လိုက်ကြသည်။ ထိုအချိန်က ရွှေတိဂုံဘုရား ကျားတက်သည့်သတင်းသည် ဟိုးလေးတကျော် ဖြစ်သွားသည်။

မျက်စိအာရုံက မိမိပတ်ဝန်းကျင်၌ လှည့်လည်သွားလာနေသော သားရဲတိရစ္ဆာန်များကို တွေ့မြင်ရသကဲ့သို့ပင် နားအာရုံကလည်း သူတို့အော်သော၊ ဟိန်းသော၊ ဟောက်သော အသံများကို ကြားနေရသည်။ ကျွန်ုပ်က အေးအေးငြိမ်ငြိမ်နေတတ်သူ ဖြစ်သည်။ နားကွဲလုမတတ်အော်သော သားရဲတိရစ္ဆာန်များ၏ အသံကို ကြားရသောအခါ ကျွန်ုပ်၏ ငြိမ်သက်နေသော ရေပြင်သည်ပင် လှိုင်းထလှုပ်ခါသွားသလားအောက်မေ့ရသည်။ သို့သော်လည်း သူတို့အပေါ် ကျွန်ုပ် မေတ္တာမပျက်။ သူတို့ကို ကျွန်ုပ် အမြဲ အကျိုးပြုနေသည်။ ရေမွတ်သိပ်သည့်အခါ၌ သူတို့အားလုံး ကျွန်ုပ်ထံသို့သာ ချဉ်းကပ်လာကြသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


ခေတ်တွေ၊ အချိန်ကာလတွေ ပြောင်းလဲကုန်ဆုံးသွားသည်နှင့်အမျှ အခြေအနေများလည်း အားလုံးပြောင်းလဲကုန်ကြသည်။ သို့သော်လည်း ကျွန်ုပ်အတွက် မပြောင်းလဲသော အရာတစ်ခုရှိသည်။ ယင်းမှာ သားရဲတိရစ္ဆာန်များနှင့် အကျိုးပေးခြင်းဖြစ်သည်။ ယခင်အတိတ်ကလည်း သားရဲတိရစ္ဆာန်များ၏ အော်သံကို နားမဆံ့ ကြားနေရသည်။ ယင်းအခြေအနေမှာ ခေတ်တွေ၊ စနစ်တွေ ပြောင်းလာခဲ့ပြီဖြစ်သော်လည်း ယခုလည်း ထိုအတိုင်းပင် ဖြစ်နေသည်။ ယခုလည်း ခြင်္သေ့၊ ကျား စသော သားရဲတိရစ္ဆာန်တို့၏ အော်သံမြည်သံကို ကြားနေရတုန်းပင်ဖြစ်သည်။ ကျွန်ုပ်နှင့် တစ်လမ်းခြားတွင် တိရစ္ဆာန်ဥယျာဉ် ရှိနေသည်။ တိရစ္ဆာန်ဥယျာဉ်ထဲတွင် သားရဲတိရစ္ဆာန်များကို လှောင်အိမ်များနှင့် လှောင်ထားကြသည်။ သူတို့၏ ကိုယ်ခန္ဓာကို လှောင်ထား၍ ရမည်ဖြစ်သော်လည်းသူတို့၏ အသံကိုမူ ချုပ်နှောင်ထား၍မရပေ။ အကြောင်းတစ်ခုခုကြောင့် အော်လိုသည့်ဆန္ဒ ဖြစ်ပေါ်လာလျှင် အော်ကြမည်သာဖြစ်သည်။ ကျွန်ုပ်၏ ယခင်ကလည်း မိမိဝန်းကျင်ရှိ တောထဲက တိရစ္ဆာန်တို့၏ အော်သံကို ကြားနေရသည်။ ယခုလည်း မိမိဝန်းကျင်ရှိ မြို့ထဲက တိရစ္ဆာန်တို့၏ အော်သံကို ကြားနေရသည်။ ။

mgyoe.com

mgyoe.com SAMPLE BOOK

## လေးဆူဓာတ်ပုံ ရွှေတိဂုံ

ကျွန်ုပ်၏ အနောက်ဘက် မလှမ်းမကမ်းရှိ သိင်္ဂုတ္တရ ကုန်းမြေပေါ်၌ ရွှေတောင်ကြီးတစ်တောင် ပေါက်နေသည်။ ယင်းရွှေတောင်ကြီးမှာ အခြားမဟုတ်။ ရွှေတိဂုံစေတီတော်ကြီးပင် ဖြစ်သည်။ ပင်လယ်ရေပြင်အထက် ၁၆၈ ပေ မြင့်သော သိင်္ဂုတ္တရကုန်းမြေပေါ်၌ တည်ရှိနေသော ဉာဏ်တော် ၃၂၆ ပေ ရှိသည့် ကမ္ဘာ့အံ့ချီးဖွယ် ရွှေတိဂုံစေတီတော်ကြီးကို ရန်ကုန်ဆိပ်ကမ်း ဝင်လာသော ပင်လယ်ကူးသင်္ဘောကြီးများပေါ်မှပင် ပင်လယ်ဘက်မှ ဝင်လာလျှင် ဝင်လာချင်း လှမ်းဖူးတွေ့ရသည်။ ရန်ကုန်ဆိပ်ကမ်းမှ ခွာသွားသော ပင်လယ်ကူးသင်္ဘောကြီးများပေါ်က ကြည့်လျှင်လည်း ပင်လယ်ရေပြင်ပေါ်တွင် ထိုးထွက်နေသော ရွှေတောင်ကြီးသည် တော်

mgyoe.com

mgyoe.com
SAMPLE BOOK


တော်နှင့် ပျောက်ကွယ်မသွားပေ။

ရွှေတိဂုံစေတီတော်သည် အလွန်တရာ ပနံရသည်။ ကနေဒီကျွန်းဟုခေါ်ကြသည့် ကျွန်ုပ်၏ အရှေ့ဘက်ခြမ်းအငူမှ အနောက်ဘက် မျှော်ကြည့်လိုက်လျှင် မည်သည့်အချိန်ကြည့်ကြည့် သူ့အချိန်နှင့်သူ တစ်မျိုးစီလှနေသော ပန်းချီကားကြီးကို လှမ်းမြင်နေရသည်။ နံနက်အရုဏ်ကျင်း၍ အလင်း မရောက်ခင်ကြည့်လျှင် နေရောင်ထွက်ပြူမလာသေး၍ တစ်လောကလုံး မှောင်ရိပ်သန်းနေဆဲဖြစ်သော်လည်း ညို့ညို့မှိုင်းမှိုင်း တောရိပ်တောင်ရိပ်ပေါ်တွင် ထိုးထွက်နေသော ရွှေတိဂုံစေတီတော်ကြီးမှာမူ ဆလိုက်မီးထိုးထားသောကြောင့်လည်းကောင်း၊ လျှပ်စစ်မီးပွင့်များ လင်းလက်နေသောကြောင့်လည်းကောင်း ရွှေရောင်တဝင်းဝင်းဖြစ်နေသည်ကို တွေ့မြင်နေရသည်။ ထိုအချိန်၌ လျှပ်စစ်မီးရောင်ဖြင့် ဝင်းလက်နေသော စေတီတော်ကြီး၏အရိပ်သည် ကျွန်ုပ်၏ရေပြင်တွင် ကျရောက်နေသဖြင့် ကျွန်ုပ်၏ ရေပြင်တွင်း၌လည်း ရွှေတိဂုံစေတီတော်၏ ကိုယ်ပွားတစ်ဆူ ပေါ်ပေါက်နေသည်ဟုပင် ထင်နေရသည်။

နံနက် နေထွက်ပြူစ အချိန်ကြည့်လိုက်လျှင် နံနက်ထွက်သစ်စ နေရောင်ခြည်များ ဝပ်တွားခယနေသော စေတီတော်ကြီးကို ကျွန်ုပ်၏ အနောက်ဘက်ရှိ

mgyoe.com

mgyoe.com
SAMPLE BOOK


စိမ်းစိမ်းညို့ညို့ တောတန်းတောင်တန်းပေါ်၌ လှမ်းမြင်နေရသည်မှာ အရောင်အသွေးစုံသော ပန်းချီကားတစ်ချပ်ကို ကြည့်နေရသကဲ့သို့ ဖြစ်နေသည်။ ညနေဆည်းဆာချိန် ပန်းချီကားမှာ ပိုပြီးလှသည်ဟု ထင်ရသည်။ ဆည်းဆာ၏ တိမ်လွှာတိမ်လိပ် နောက်ခံတွင် ရွှေတောင်ကြီး ပေါက်နေသည်။ ရွှေတောင်ကြီး၏ အောက်ခြေ၌ စိမ်းလန်းစိုပြည်သော တောရိပ်ရှိနေသည်။ တောရိပ်၏ ဤမှာဘက်၌ ကြည်နူးဖွယ် ကျွန်ုပ်၏ ရေပြင်ရှိနေသည်။ အားလုံး စုပေါင်းလိုက်လျှင် အရောင်အသွေးစုံသော လက်ရာမြောက်ရှုမျှော်ခင်း ပန်းချီကားကြီးဖြစ်သွားသည်။ ကနေဒီကျွန်းအငူသို့ ရောက်ရှိလာသော ဗုဒ္ဓဘာသာဝင် သူတော်စင်မှန်သမျှ အနောက်ဘက်လှည့်၍ စေတီတော်ကြီးကို မဖူးမြော်ဘဲ မနေနိုင်ကြပေ။ အနောက်ဘက် လှမ်းမျှော်ပြီး ဖူးမြော်လိုက်သည်နှင့် တစ်ပြိုင်နက် မတ်တတ်ရပ်လျက်ဖြစ်စေ၊ ထိုင်လျက်ဖြစ်စေ လက်အုပ် အလိုလို ချီမိလျက်သား ဖြစ်သွားကြသည်။

တချို့က ကျွန်ုပ်ကို ရွှေတိဂုံစေတီတော်ကြီးနှင့် အတူ ပေါက်ဖွားလာသည်ဟု ပြောကြသည်။ ဘုရားတည်ဖို့ရန်အတွက် မြေကြီးတူးရာမှ ကန်ဖြစ်လာသည်ဟု ထင်ကြေးပေးကြသည်။ အကယ်၍ ယင်းထင်မြင်

mgyoe.com

mgyoe.com
SAMPLE BOOK


ချက် မှန်ပါမူ ကျွန်ုပ်သည် ရွှေတိဂုံစေတီ၏ ဖွားဖက်တော် ဖြစ်နေပေလိမ့်မည်။ ဘုရားအလောင်း သိဒ္ဓတ္ထမင်းသား မီးရှုးသန့်စင် ဖွားမြင်စဉ်ကလည်း 'ကာဠုဒါယီ၊ ယသော်၊ ညီတော်၊ ဆန္န၊ ကဏ္ဍကာ၊ သောဏ္ဍာဖုဒ္ဓဟော၊ ဖွားဖက်တော်မြတ်၊ ခုနစ်ရပ်၊ မှတ်ကြ မျိုးလေးထွေ' ဆိုသည့် ဖွားဖက်တော်ခုနစ်ဦး ဖွားမြင်လာသည်။ ဖွားဖက်တော်ခုနစ်ဦးမှာ ယသော်ဓရော၊ ညီတော်အာနန္ဒာ၊ ဆန္န၊ ကာဠုဒါယီ၊ ကဏ္ဍကမြင်းနှင့်တကွ မဟာဗောဓိပင်နှင့် ရွှေအိုးကြီးလေးလုံးတို့ ဖြစ်ကြသည်။ ယင်းဖွားဖက်တော်ခုနစ်ဦးမှာ မြတ်စွာဘုရား၏ ပါရမီဖြည့်ဖက်များဖြစ်၍ ပါရမီထူးချွန်သူများ ဖြစ်ကြသည်။ အကယ်၍ ကျွန်ုပ်လည်း ရွှေတိဂုံစေတီတော်၏ ဖွားဖက်တော်ဖြစ်သည်ဆိုလျှင် စေတီတော် ပေါ်ပေါက်လာရေး၌ တစ်ဖက်တစ်လမ်းမှ ပါရမီဖြည့်ခဲ့ရသူဖြစ်၍ ကျွန်ုပ်အတွက် ဂုဏ်ယူ၍ ဆုံးနိုင်ဖွယ်ရှိတော့မည် မဟုတ်ပေ။

ရွှေတိဂုံစေတီတော် စတင်ပေါ်ပေါက်လာပုံမှာ သမိုင်း နှင်းထုနှင်းမှုန်ကြားထဲတွင် ဝိုးတဝါးဖြစ်နေသည်။ သို့သော်လည်း ရှေးဟောင်း မြန်မာ့သမိုင်းနှင့် စေတီပုထိုးသမိုင်း ကျမ်းဂန်များအရ ပြောရမည်ဆိုလျှင် စေတီတော်ကို လွန်ခဲ့သည့် နှစ်ပေါင်း ၂၅၀၀ ကျော်

mgyoe.com

mgyoe.com SAMPLE BOOK


မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပေါင်းလပြည့်နေ့တွင် တည်ထားကိုးကွယ်ခဲ့သည်။ မြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့တွင် သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ် ရောက်တော်မူပြီးနောက် ၄၉ ရက်တိတိ သတ္တသတ္တာဟ ခုနစ်ရက်ခုနစ်လီ စံနေတော်မူပြီးနောက် ထိုနှစ် ဝါဆိုလဆန်း ၅ ရက်နေ့၌ ရာဇာယတန လင်းလွန်းပင်အောက်တွင် သိကြားမင်း ဆက်ကပ်သော ကြစုသီး၊ ကွန်းရိုးဒန်ပူ(တံပူ)၊ အနော်တတ်ရေ တို့ကို သုံးဆောင်တော်မူသည်။ ထိုအခိုက် ရာမညတိုင်း၊ ပေါက္ခရဝတီမည်သော အသိတဥ္စနမြို့သား တပုဿနှင့် ဘလ္လိက အမည်ရှိ ကုန်သည်ညီနောင် ရောက်လာ၍ မြတ်စွာဘုရားက ကုန်သည်ညီနောင်အား ဆံတော်ရှစ်ဆူ ပေးသနားတော်မူလိုက်သည်။

ကုန်သည်ညီနောင်တို့သည် ဆံတော်ရှစ်ဆူကို ပင့်လာပြီးလျှင် ရာမညတိုင်း၊ သိင်္ဂုတ္တရကုန်းတော်ပေါ်၌ စေတီတည်ကြသည်။ ဤဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူပြီးဖြစ်သော ကကုသန်ဘုရား၏ တောင်ဝှေးတော်၊ ကောဏာဂုံဘုရား၏ ရေစစ်တော်၊ ကဿပဘုရား၏ ရေသနုပ်တော်တို့ကို သိင်္ဂုတ္တရကုန်းမှ ဖော်ယူလျက် ဂေါတမဘုရား၏ ဆံတော်ရှစ်ဆူနှင့် ပေါင်းပြီးလျှင် ဌာပနာ၍ စေတီတည်သောကြောင့် 'လေးဆူဓာတ်ပုံ

mgyoe.com

mgyoe.com
SAMPLE BOOK


ရွှေတိဂုံ' ဟု ဘွဲ့နာမံတော် တွင်နေခြင်း ဖြစ်သည်။ စတင်တည်စဉ်က ညဏ်တော် ၄၄ တောင်မျှသာရှိသည်။

တပုဿနှင့် ဘလ္လိက ညီနောင် တည်ခဲ့သော စေတီကို ဥက္ကလာပ မင်းနှင့်တကွ သားစဉ်မြေးဆက် ၁၂ ဆက်အထိ စောင့်ရှောက်လာခဲ့ကြပြီး သာသနာ သက္ကရာဇ် ၁၀၁ တွင် သရေခေတ္တရာပြည်၌ နန်းတက်သော ဒွတ္တပေါင်မင်းကြီးသည် ဆံတော်ကို သရေခေတ္တရာသို့ ပင့်ယူရန် ကြိုးစားအားထုတ်သည်။ သို့သော်လည်း အောင်မြင်မှု မရရှိခဲ့ပေ။ သာသနာ သက္ကရာဇ် ၂၃၆ ခုနှစ်တွင် သုဝဏ္ဏဘုမ္မိသို့ သာသနာ ပြု ကြွရောက်တော်မူလာကြသော သောဏနှင့် ဥတ္တရ မထေရ်နှစ်ပါး၏ ညွှန်ကြားချက်အရ သီရိမာသောက (သီရိဓမ္မာသောကမဟုတ်) မင်းသည် တောချုံရှင်း၍ စေတီနှင့် စေတီအိမ် ပြာသာဒ်ကို တည်သည်။ ပုဂံ အနော်ရထာမင်းလည်း စေတီတော်မှ ဆံတော်ကို ပင့်ရန် ကြိုးစားသေးသည်။ သို့သော်လည်း ဒွတ္တပေါင်မင်းကြီးကဲ့သို့ပင် အောင်မြင်မှု မရရှိပေ။

ဤတွင် ရွှေတိဂုံစေတီတော်၏ သမိုင်းအစနှင့် စပ်လျဉ်း၍ စဉ်းစားစရာတွေ တစ်ပြုံတစ်ခေါင်းကြီး ပေါ်လာသည်။ ရွှေတိဂုံစေတီသမိုင်းအစ၌ နေရာဌာန

mgyoe.com

mgyoe.com SAMPLE BOOK


အနေနှင့် 'ပေါက္ခရဝတီ'၊ 'အသိတဥ္စန နာဂရ'၊ 'ဥက္ကလာပ' ဟူသော အမည်များသည်လည်းကောင်း၊ လူပုဂ္ဂိုလ် အနေနှင့် တပုဿနှင့် ဘလ္လိက ဟူသော အမည်များ သည်လည်းကောင်း ပါဝင်ပတ်သက်နေကြသည်။ ယင်းနေရာဌာနနှင့် လူပုဂ္ဂိုလ်များကို မြန်မာ့သမိုင်း ကျမ်းဂန်များ၌ မြန်မာနိုင်ငံမှ နေရာဌာနနှင့် မြန်မာ နိုင်ငံမှ လူပုဂ္ဂိုလ်ဟူ၍ ဆိုထားသော်လည်း အိန္ဒိယကျမ်းဂန် များ၌မူ ပါဠိကျမ်းဂန်များကို အထောက်အထားပြု၍ အိန္ဒိယနေရာဌာနနှင့် အိန္ဒိယပုဂ္ဂိုလ်ဟူ၍ဆိုထားသည်။

ဇာတကအဋ္ဌကထာ၌ ဥက္ကလ ဇနပဒမှ တပုဿ နှင့် ဘလ္လိက အမည်ရှိ ကုန်သည်နှစ်ဦး မဇ္ဈိမဒေသ သို့သွားကြောင်း ဖော်ပြထားသည်။ ပေါက္ခရဝတီသည် ဥတ္တရာပထ လမ်းမကြီးတွင်ရှိသော ဂန္ဓာရတိုင်း၏ နာမည်ကျော် မြို့တစ်မြို့ဖြစ်သည်။ ထေရဂါထာ အဋ္ဌကထာ၌ ပေါက္ခရဝတီကို တပုဿနှင့် ဘလ္လိကတို့၏ ဇာတိဒေသဖြစ်၏ဟု ဆိုထားသည်။ အင်္ဂုတ္တရနိကာယ် အဋ္ဌကထာ၌မူ တပုဿနှင့် ဘလ္လိကတို့၏ ဇာတိ ဒေသကို အသိတဥ္စနဟု ဆိုထားပြန်သည်။ ယင်းကို ထောက်လျှင် ပေါက္ခရဝတီနှင့် အသိတဥ္စနသည် ဒေသ တစ်ခုတည်းဖြစ်၏ဟု မှတ်ယူစရာ ဖြစ်နေသည်။

ဥက္ကလတိုင်း သို့မဟုတ် ဇနပဒသည် ဗုဒ္ဓ

mgyoe.com

mgyoe.com
SAMPLE BOOK


လက်ထက်တော်အခါက မဟာနဒီနှင့် သုမ္ဘဇနပဒ အကြားတွင် ရှိသည်။ ယင်းဒေသသည် ယခုခေတ် ဩရိသပြည်နယ်၏ မြောက်ပိုင်းဖြစ်သည်။ မြတ်စွာဘုရားအား သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ် ရောက်တော်မူပြီးနောက် ရာဇာယတန လင်းလွန်းပင်အောက်၌ သီတင်းသုံးနေစဉ် ပထမဦးဆုံး ခဲဖွယ်ဘောဇဉ်ဖြစ်သော ကြွက်ကျစ်မုန့်နှင့် ပျားမုန့်ဆုပ် ကပ်လှူသည် ဖြစ်၍ မြတ်စွာဘုရားထံမှ ဆံတော်ရရှိလာကြသော တပုဿနှင့် ဘလ္လိကတို့သည် ဥက္ကလမှ မဇ္ဈိမဒေသ (အိန္ဒိယအလယ်ပိုင်း)သို့ လှည်း ၅၀၀ ဖြင့် လာသော ကုန်သည်များဖြစ်သည်ဟု ဝိနယပိဋကတ်၌ ဆိုထားသည်။ သို့သော်လည်း ထေရဂါထာ အဋ္ဌကထာ၌ ယင်းကုန်သည်နှစ်ဦးကို ဂန္ဓာရတိုင်း၏ မြို့ဖြစ်သော ပေါက္ခရဝတီမြို့သားဟူ၍လည်းကောင်း၊ အင်္ဂုတ္တရနိကာယ် အဋ္ဌကထာ၌ အသိတဉ္ဇနမြို့သားဟူ၍လည်းကောင်း ဆိုထားသည်။ ဃဋဇာတက၏ အဆိုအရ အသိတဉ္ဇနမြို့သည် ဥတ္တရာပထတွင် ရှိသော ကံသဘောဂတိုင်း၏ နေပြည်တော်ဖြစ်သည်။

တပုဿနှင့် ဘလ္လိကတို့၏ ဇာတိမှာ ဥတ္တရာပထဖြစ်ပြီး ကုန်ကူးသန်းရောင်းဝယ်ရန်အလို့ငှာ ဥက္ကလမှ မဇ္ဈိမဒေသသို့သွားခြင်း ဖြစ်ပေလိမ့်မည်။ ဥက္ကလမှာ

mgyoe.com

mgyoe.com SAMPLE BOOK


တောင်ပိုင်း လမ်းမပေါ်က မြို့ဖြစ်ပြီး အသိတဥ္စနမှာ မြောက်ပိုင်း လမ်းမပေါ်က မြို့ဖြစ်သည်။ တောင်ပိုင်း လမ်းမပေါ်တွင် တည်ရှိသော မြို့များကို ဒက္ခိဏာပထ ဟုခေါ်ပြီး၊ မြောက်ပိုင်းလမ်းမပေါ်၌ တည်ရှိသော မြို့များကို ဥတ္တရပထဟု ခေါ်သည်။ ဗုဒ္ဓလက်ထက်တော် အခါက အိန္ဒိယနိုင်ငံတွင် ကုန်သည်များ တစ်ဒေသနှင့် တစ်ဒေသ ကုန်းလမ်းခရီး သွားလာခဲ့ကြသည့် အလေ့ အထရှိသည်။

တပုဿနှင့် ဘလ္လိကတို့သည် မြတ်စွာဘုရားထံ တော်ပါး၌ ဒွေဝါစိက သရဏဂုံဆောက်တည်ကြသည်။ ထိုအချိန်က သံဃာမရှိသေး၍ သရဏဂုံနှစ်ပါးမျှသာ ရှိသည်။ ကုန်သည်ညီနောင်တို့သည် မြတ်စွာဘုရားထံ တော်မှ ရရှိလာခဲ့သော ဆံတော်ကို အသိတဥ္စန၌ စေတီတည်ထား ကိုးကွယ်သည်ဟု ဆိုသည်။ သီဟိုဠ် (သီရိလင်္ကာ)၌လည်း အစဉ်အလာ ယုံကြည်ချက် တစ်ခုရှိသည်။ ယင်းယုံကြည်ချက်ကို 'ပူဇာဝလိယ' မည်သော ကျမ်းစာ၌လည်း မှတ်တမ်းတင်ထားသည်။ တပုဿနှင့် ဘလ္လိကတို့သည် သီဟိုဠ်အရှေ့ပိုင်း ကမ်းခြေ သို့ ရောက်လာကြပြီးလျှင် စေတီတစ်ဆူတည်သည် ဟူသော ယုံကြည်ချက်ဖြစ်သည်။ ထိုအကြောင်းကို ရေးထိုးမှတ်တမ်းတင်ထားသည့် ကျောက်စာလည်း

mgyoe.com

mgyoe.com
SAMPLE BOOK


ရှိနေသည်။

မြတ်စွာဘုရား မိဂဒါဝုန်၌ ဓမ္မစကြာဒေသနာတော်ကို ဟောကြားပြီးနောက် ရာဇဂြိုဟ်ကြွလာတော်မူသောအခါ ကုန်သည် ညီနောင်နှစ်ဦးသည် မြတ်စွာဘုရားထံ တစ်ဖန် ရောက်လာကြပြန်ပြီးလျှင် မြတ်စွာဘုရား၏ တရားဒေသနာတော်ကို နာကြားရသည်ဖြစ်၍ တပုဿက သောတာပန်ဖြစ်သွားပြီး ဘလ္လိကက ရဟန္တာဖြစ်သွားသည်။

ယခုကဲ့သို့ တပုဿနှင့် ဘလ္လိကတို့၏ ဇာစ်မြစ်ကို ဆန်းစစ်ခြင်းသည် ရွှေတိဂုံစေတီတော်မြတ်ကို အကြည်ညိုပွားနေသူများအတွက် စိတ်စနိုးစနောင့်ဖြစ်စရာအကြောင်း လုံးဝမရှိပေ။ အကယ်၍ စနိုးစနောင့် ဖြစ်စေနိုင်သည်ဆိုပါက ဇာစ်မြစ်ဆန်းစစ်ခြင်းအလုပ်ကို ပြည်ဖုံးကား ချထားလိုက်ရုံသာရှိသည်။

ရာမညတိုင်းကို အုပ်စိုးသော မင်းများလက်ထက်ကျသောအခါ နေအရဏ်ကျင်း၍ ဆီးနှင်းမြူခိုးများကင်းစင်သွားသည်ဖြစ်၍ ရွှေတိဂုံစေတီတော်သမိုင်းသည် ကွက်ကွက်ကွင်းကွင်း ပီပီသသပေါ်လာသည်။ ယိုယွင်းပျက်စီးနေသော စေတီအိမ်ကို မင်းအဆက်ဆက် ထပ်ဆင့်မွမ်းမံကြသည်ဖြစ်၍ ယခင်က ဉာဏ်တော် ၄၄ တောင် မျှသာမြင့်သော စေတီသည် မဟာ

mgyoe.com

mgyoe.com
SAMPLE BOOK


စေတီကြီး ဖြစ်လာသည်။ ရာဇာဓိရာဇ်လက်ထက်တွင် စေတီတော်သည် ခေါင်းလောင်းပုံမှ အထက်ပိုင်းအားလုံး ပျက်စီးယိုယွင်းနေသည်ဖြစ်၍ မင်းမိဖုရားတို့သည် စေတီတော်ကို မွမ်းမံတည်ဆောက်ကြသည်။ နောက် မင်းအဆက်ဆက်တို့လည်း ရွှေတိဂုံစေတီတော်ကို သဒ္ဓါရက်ရောစွာဖြင့် မွမ်းမံကြသည်။

သက္ကရာဇ် ၈၁၄ ခုနှစ် နန်းတက်သော ဘုရင်မ ရှင်စောပုသည် သမက်တော် ဓမ္မစေတီမင်းအား ထီးနန်းအပ်လျက် ဒဂုန်သို့လာပြီးလျှင် စေတီတော် အနောက်တောင်ဘက်၌ နန်းတည်၍ စေတီတော်ကို ပြုပြင်မွမ်းမံသည်။ ရှင်စောပုနှင့် ဓမ္မစေတီတို့သည် စေတီတော်ခြေရင်း ချိုင့်ဝှမ်းများကို ဂဝံကျောက်များဖြင့် ဖို့ခြင်း၊ မြင့်မောက်နေသောကုန်းများကို တူး၍ မြေညှိခြင်း၊ စေတီတော် ပထမ ပစ္စယာနှင့် အထက်ပစ္စယာ အကြား ကျောက်ထီးများ စိုက်ထူခြင်း၊ ပစ္စယာခြေရင်းတွင် ကျောက်ပြားခင်းခြင်းတို့ကို ပြုလုပ်သည်။ ပိဿာချိန် ၁၈၀,၀၀၀ ရှိသော ခေါင်းလောင်းကြီးတစ်ခု ကိုလည်း သွန်းလုပ်လှူဒါန်းသည်။ ဘေးတွင် မြေ တံတိုင်းဆောက်၍ အပေါ်တွင် ကြာပွင့်ပုံများပြုလုပ် သည်။ ရင်ပြင်အောက် ဘေးပတ်လည်၌ ဇရပ်များ ဆောက်လုပ်သည်။

mgyoe.com

mgyoe.com
SAMPLE BOOK


ဓမ္မစေတီမင်းကြီးသည် သူ၏ ကုသိုလ်တော်များနှင့်ပတ်သက်၍ စေတီတော်ကြီး၏ အရှေ့စောင်းတန်းထိပ် မြောက်ဘက်ဘေး တနင်္ဂနွေထောင့်၌ ကျောက်စာတိုင်သုံးချပ်စိုက်ထူ မော်ကွန်းထိုးထားသည်။ ပါဠိ၊ မွန်၊ မြန်မာအက္ခရာများဖြင့် ရေးထိုးထားသော ဓမ္မစေတီမင်းကြီး၏ ကျောက်စာတွင် စေတီတော်သမိုင်းကိုလည်း ဖော်ပြထားသည်။

ဓမ္မစေတီမင်းကြီးသည် စေတီတော်ဝန်းကျင်ရှိ သူ၏ပိုင်နက် နယ်မြေအကျယ်အဝန်း အတော်များများကိုလည်း စေတီတော်ကြီး၏ ဝတ္တုကံမြေအဖြစ် လှူဒါန်းထားသည်။ ဓမ္မစေတီမင်းကြီး လှူဒါန်းသော နယ်မြေအကျယ်အဝန်းထဲတွင် ကျွန်ုပ်တည်ရှိရာနယ်မြေလည်း အပါအဝင်ဖြစ်သည်။

ဓမ္မစေတီမင်းကြီး၏ အလှူဒါနအရဆိုလျှင် ကျွန်ုပ်တည်ရှိရာ နယ်မြေသည် ဘုရားမြေဖြစ်သည်။ ဘုရားမြေပေါ်၌ လူမြင်မတော်သည့် မတော်မတရားအလုပ်များကို မပြုလုပ်သင့်ကြပေ။ မဟုတ်မဟတ်ဓာတ်လမ်းများကို မခင်းသင့်ကြပေ။

သက္ကရာဇ် ၉၀၄ ခုနှစ်တွင် တပင်ရွှေထီးသည် စေတီတော်ကြီးအား ချရားသီးမှ ကလပ်ခြေမြေအထိ ရွှေလုံးတော်ပြည့် ကပ်လှူသည်။ ဘုရင့်နောင်မင်း

mgyoe.com

mgyoe.com
SAMPLE BOOK


တရားကြီးလည်း စေတီတော်ကို ရွှေလုံးတော်ပြည့် ကပ်လှူခြင်း၊ ထီးတင်ခြင်း၊ မကိုဋ်ကိုပင် ချွတ်၍ လှူဒါန်းခြင်းများကို ပြုလုပ်သည်။ သက္ကရာဇ် ၉၇၀ ပြည့်နှစ်၌ လျောင်ပြင်းစွာလှုပ်၍ စေတီ၏ ချရားသီး ဖောင်းလုံး ဖောင်းမ အားလုံး မြေခကုန်ကြသည်။ မုတ္တမဘုရင် ပတ္တမြားတေဇာမင်းသည် ပြည်သူတို့နှင့် အတူ စေတီတော်ကို ပြုပြင်လျက် ရွှေထီးတင်လှူ သည်။ ထိုအချိန်ကား သန်လျင်စား ဇေင်ကာ ကြီးစိုး နေချိန်ဖြစ်၍ ဇေင်ကာသည် ဓမ္မစေတီမင်းကြီး လှူဒါန်း ထားသော ခေါင်းလောင်းကြီးကို အမြောက် သွန်းလုပ် ရန် သန်လျင်သို့ ယူဆောင်သွားရာ ခေါင်းလောင်းတင် သော လှေနစ်၍ ခေါင်းလောင်းကြီး မြစ်ထဲကျသည်။ အနောက်ဘက်လွန်မင်းတရားကြီးသည် သန်လျင်စား ဇေင်ကာအား အနိုင်တိုက်ခိုက်ပြီးနောက် ဒဂုန်သို့ လာ၍ စေတီလုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်း၊ ပတ္တမြား လုံးရေ ၂၀၀၀ ရှိ စိန်ဖူးတင် လှူဒါန်းခြင်းများကို ပြုလုပ်သည်။

သက္ကရာဇ် ၁၀၄၀ ခုနှစ်၌ အလောင်းမင်းတရား ကြီးသည် ဒဂုန်သို့ လာပြီးလျှင် ဒဂုန်မြို့ဟောင်း အနောက်မြောက် တာ ၂၀၀ ခန့်အကွာ၌ မြို့နန်း ဆောက်၍ ဒဂုန်ကို ရန်ကုန်ဟု အမည်သစ်နှင့် သမုတ်

mgyoe.com